MAPCO

# မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း လီမိတက်
# ၂၀၁၈ ခုနှစ် အထူးအထွေထွေအစည်းအဝေးနှင့်
# နှစ်ပတ်လည် အထွေထွေ အစည်းအဝေးမှတ်တမ်းနှင့်ဆုံးဖြတ်ချက်များ

| | | |
|---|---|---|
| ကျင်းပသည့်နေ့ | - | ၂၈.၁၂.၂၀၁၈ (သောကြာနေ့) |
| ကျင်းပသည့်အချိန် | - | ၁၄း၀၀ နာရီ မှ ၁၆း၀၀ နာရီထိ |
| ကျင်းပသည့်နေရာ | - | UMFCCI (Mingalar Hall) |

၁။ **အစည်းအဝေးတက်ရောက်မှုနှင့်အထမြောက်မှု**

၁.၁. အစုရှယ်ယာရှင်များ( ၇၁%)တက်ရောက်၍ အစည်းအဝေးအထမြောက်ကြောင်း မှတ်တမ်း တင်ထားပါသည်။

၂။ **ဆွေးနွေးတင်ပြသည့် အကြောင်းအရာများ**

၂.၁. မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၈ ခုနှစ်၊ အထူးအထွေထွေ အစည်းအဝေးနှင့်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဖတ်ကြားတင်ပြသည့်အစီအစဉ် အတိုင်း ပြုလုပ်ရန် အစုရှယ်ယာရှင်များ မှ သဘောတူကြောင်း အတည်ပြုခြင်း။ (အစည်းအဝေး အစီအစဉ် ပူးတွဲလျက်)

၂.၂. မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဥက္ကဋ္ဌ ဦးချစ်ခိုင်မှ အစည်းအဝေး နှစ်ရပ်လုံးအတွက် အဖွင့်အမှာစကားအား အောက်ပါအတိုင်းပြောကြားပါသည်-

- မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) ဖွဲ့စည်း တည်ထောင်ခဲ့သည်မှာ (၂၀၁၈)ခုနှစ်တွင် (၆)နှစ် ပြည့်ခဲ့ပြီ ဖြစ်ကြောင်း (MAPCO) အနေဖြင့် အောင်မြင်မှု အချို့ကိုလက်ဝယ်ပိုင်ဆိုင်ရရှိထားသော်လည်းအခက်အခဲတွေ၊စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖြတ်သန်း နေရတယ်ဆိုတာကိုလည်း အစုရှယ်ယာရှင်များသိရှိစေရန်အတွက် ပွင့်ပွင့်လင်းလင်း တင်ပြလို ကြောင်း ကုမ္ပဏီရဲ့ဖွဲ့စည်းပုံ ကစတင်ပြီး လုပ်ငန်းစီမံချက်များ အပါအဝင် ရှေ့လုပ်ငန်းစဉ်များကို ပိုပြီးစနစ်တကျ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် Reform Agenda ကို ၂၀၁၉ ခုနှစ်မှာ ထိထိ ရောက် ရောက်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- ကုမ္ပဏီအနေဖြင့်ရင်ဆိုင်နေရတဲ့ အားလုံးသိပြီးသားဖြစ်တဲ့အတိုင်း ၂၀၁၆ ခုနှစ်ကနေ ယနေ့အထိ ရင်ဆိုင် ဖြေရှင်းနေရတဲ့ အင်ဒိုနီးရှားနိုင်ငံ Bulog ထံမှ ရရန်ရှိ ဆန်ဖိုး ငွေများ ပြန်လည် တောင်းခံသည့် ကိစ္စဆိုရင် ယနေ့အထိပြီးပြတ်ခြင်း မရှိသေး ကြောင်း၊ ဒါရိုက်တာအဖွဲ့ အနေဖြင့်လည်း နည်းလမ်းမျိုးစုံကို ရှာဖွေဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ခုနှစ် မတ်လကုန်အထိ လက်ရှိ နည်းလမ်း များအတိုင်းကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၁၉ မတ်လကုန်အထိ ထူးခြားမှု မရှိပါက ဥပဒေ

ကြောင်းအရအရေးဆိုခြင်းအပါအဝင်အခြားသင့်တော်မည့်နည်းလမ်းကိုရွေးချယ်ပြီးရရန်ရှိကိစ္စများကိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- မြောင်းမြဂုန်နီစက်ရုံရဲ့ မြေလွတ် ဇေယျာမှာလယ်ယာကဏ္ဍအခြေခံစက်မှုဇုန်ထူထောင်တဲ့ လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံတော် အစိုးရ ထံကခွင့်ပြုချက်ရရှိဖို့ ၂နှစ်ကျော် တင်ပြဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့်ရက်သတ္တပါတ်ကမှပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ရရှိခဲ့ကြောင်းဒီလိုကြန့်ကြာမှုများရင်ဆိုင်နေရပေမယ့် ဂန်ထမ်း၅ဂဂခန့်အတွက်လစာကိုပုံမှန်ပေးနေရသည့်အတွက်နှစ်စဉ်ဂန်ထမ်း လစာစရိတ်အဖြစ် ကျပ်(၁)ဘီလီယံ နီးပါး ကျခံသုံးစွဲနေရတာဖြစ်လို့ ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေကိုများစွာထိခိုက်ပါကြောင်း၊ယခုအချိန်တွင်တော့ ခွင့်ပြုချက် ရပြီဖြစ်သည့် အတွက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စများ ကို အားထည့်ဆောင်ရွက်ပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး အမြန်ဆုံး ဂင်ငွေစတင်ရရှိရန် ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

- ၂ဂ၁၇-၁၈ တွင် MAPCO အနေဖြင့် ဆန်စပါးဂယ်ယူကြိတ်ခွဲရောင်းချခြင်း၊ ဆန်ပြည်ပတင်ပို့ခြင်း၊ စက်မှုလယ်ယာအငှားလိုက်ဂန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ဓါတ်မြေဩဇာသွင်းအားစုများတင်သွင်းဖြန့်ဖြူး ရောင်းချခြင်း၊ကန်ထရိုက်လယ်ယာလုပ်ငန်းများဖြင့်တောင်သူလယ်သမား များနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း၊ အခြောက်ခံစက်များနှင့် လယ်ယာသုံးအရောင်း ပစ္စည်းများရောင်းချခြင်းစတဲ့လုပ်ငန်းတွေဆောင်ရွက်လျက်ရှိပါကြောင်း၊ကျွန်တော်တို့၏AgriFirstဓါတ်မြေဩဇာ စက်ရုံကိုအောက်တိုဘာလ ကဖွင့်လှစ်ခဲ့ပြီး ယခုအခါ လုပ်ငန်းများစတင် ဆောင်ရွက် နေပြီ ဖြစ်ကြောင်း Mitsui နှင့် မလုပ်ဖြစ်သည့် တွံတေးဆန်စက်ကို မိမိတို့ဘာသာ ဆက်လက် ဆောင်ရွက်လျက်ရှိပြီး တွံတေးအပါအဝင် ဆန်စပါးလုပ်ငန်းကို တရုတ်နိုင်ငံ အစိုးရပိုင် အဖွဲ့အစည်းဖြစ်သည့်CITICနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်ညှိနှိုင်း ဆွေးနွေး လျက်ရှိ ကြောင်း၊

- ၂ဂ၁၈-၁၉ ခုနှစ်အတွင်း အဖွဲ့အစည်းအား အနာဂတ်တွင် အဆင်သင့်ဖြစ်စေမည့် Future-ready organizationဖြစ်ရန်ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊၂ဂ၁၇-၂၁ဂ၈မှစတင်သော ဒုတိယ (၅)နှစ်တာကာလတွင် လုပ်ငန်းများတိုးတက်ဖြစ်ထွန်းအောင်မြင်ပြီး ရင်းနှီး မြှုပ်နှံမှု မှ ခိုင်မာစွာ အကျိုးအမြတ် ရရှိမည့်အခြေအနေ ဖြစ်ပေါ်စေရန် ကျွန်တော် ဦးဆောင်သော ဒါရိုက်တာအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဒါရိုက်တာအဖွဲ့ကိုလည်းကျစ်ကျစ်လစ်လစ် အရေအတွက် နည်းနည်းဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လာမည့်နှစ်တွင် Shareholders Day များကိုကျင်းပပြီးအစုရှယ်ယာရှင်များကိုရှင်းလင်းတင်ပြသည့်လုပ်ဆောင်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း Major Shareholders များပါဂင်သည့် အမှုဆောင် ကော်မတီ တစ်ရပ်ကိုလည်း ဖွဲ့စည်းပြီး ကုမ္ပဏီ၏မူဂါဒရေးရာ၊ မဟာဗျူဟာအပိုင်းမှာအကြံပြုနိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂ဂ၁၉ ခုနှစ် နှစ်သစ်တွင် ရလဒ် ကောင်းရ ရှိနိုင်မည့် စီးပွားရေးလုပ်ငန်းများကို စနစ်တကျရွေးချယ်ဆောင်ရွက်ပြီး အစုရှယ်ယာရှင်များ ၏ ရေရှည် အကျိုးစီးပွားကို ဖော်ဆောင် ပေးနိုင်ဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလာမည့်နှစ်တွင်အစုရှယ်ယာရှင်များအားလုံး အတွက် အမြတ်ဂေစုပေးရန် ကတိပြု၍ ကြိုးပမ်း ဆောင် ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

၂.၃. အထူးအထွေအထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်အဖြစ်ဆောင်ရွက်ရန်ဖြစ်သည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇နှင့်အညီ အသစ်ပြန်လည် ရေးဆွဲထားသည့် (MAPCO) ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း(မူကြမ်း)အားအတည်ပြုရန်အတွက် အုပ်ချုပ်မှုဒါရိုက်တာမှ ရှင်းလင်းတင်ပြ ဆွေးနွေးခြင်း။

၂.၄. ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းများအား အုပ်ချုပ်မှုဒါရိုက်တာမှ ဖတ်ကြားရှင်းလင်းတင်ပြခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းအား တင်ပြခြင်းနှင့်ဆွေးနွေးခြင်း။

၂.၅. ဒါရိုက်တာအဖွဲ့ဝင်အချို့မှ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးခြင်း

- MAPCO Golden Lace Co.,Ltd လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား အမှုဆောင်ဒါရိုက်တာဦးသောင်းဝင်း မှ ရှင်းလင်းတင်ပြခြင်း။
- MAPCO E&C ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား အမှုဆောင်ဒါရိုက်တာ ဦးကျော်ကျော်ဝင်း မှ ရှင်းလင်းတင်ပြခြင်း။
- MAPCO Naypyitaw Co.,Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား အမှုဆောင်ဒါရိုက်တာ ဦးအောင်ဝင်းမှ ရှင်းလင်းတင်ပြခြင်း။
- Myanmar Agribusiness Services Co.,Ltd ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ဒေါက်တာစိုးမြင့်မှ ရှင်းလင်းတင်ပြခြင်း။
- MAPCO Holding ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းအောင်မှ ရှင်းလင်းတင်ပြခြင်း။

၂.၆. ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက်အမြတ်ဝေစုခွဲဝေပေးမည့်အစီအစဉ်အားအခမ်းအနားမှူး မှ ဖတ်ကြားကြေညာခြင်း။

၂.၇. လက်ရှိဒါရိုက်တာအဖွဲ့ နှုတ်ထွက်ခြင်းနှင့်ဒါရိုက်တာအဖွဲ့ဝင်အသစ်များတင်မြှောက်ခြင်းနှင့်ပတ်သက်၍ အမည်စာရင်းတင်သွင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်မှ ရှင်းလင်းတင်ပြခြင်းနှင့် ဒါရိုက်တာအဖွဲ့သစ်၏ အမည်စာရင်းနှင့် ပြန်လည်ဖွဲ့စည်းထားရှိမှုကိုဆွေးနွေးခြင်း။

၂.၈. အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခြင်း။

၂.၉. ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၃။ **ဆုံးဖြတ်ချက်များ**

၃.၁ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်၏၂၀၁၈ ခုနှစ်၊ အထူး အထွေအထွေအစည်းအဝေးနှင့်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်ဖတ်ကြားတင်ပြသည့် အစီအစဉ်အတိုင်း ပြုလုပ်ရန် အစုရှယ်ယာရှင်များ မှ သဘောတူကြောင်း ဆုံးဖြတ်သည်။

၃.၂. မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇ နှင့်အညီ အသစ်ပြန်လည်ရေးဆွဲထားသည့် (MAPCO) ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအား အစုရှယ်ယာရှင်များမှ သဘောတူကြောင်းဆုံးဖြတ်ပြီး MyCo တွင် ပြန်လည်မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ဆုံးဖြတ်သည်။

၃.၃. ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းများကို အတည်ပြုကြောင်း ဆုံးဖြတ်ကြသည်။

၃.၄. MAPCO ၏ ငွေစာရင်းများအား စစ်ဆေးပေးရန် External Auditor အဖြစ် ဦးသောင်းအေး စာရင်းစစ် အားဆက်လက် တာဝန်ပေးအပ်ရန် အစုရှယ်ယာရှင်များမှ သဘောတူကြောင်း ဆုံးဖြတ်သည်။

၃.၅. ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်းနှင့် အမြတ်ဝေစုထုတ်ပေးခြင်းကို အစုရှယ်ယာ တစ်စုမှ အစု (၁၀၀၀) အထိ ထည့်ဝင်သူ ရှယ်ယာရှင်များအား ၁၂% ဖြင့်အမြတ်ဝေစု ထုတ်ပေးရန်

အစုရှယ်ယာ (၁၀၀၀) အထက် ထည့်ဝင်သူ ရှယ်ယာရှင်များအား အစု (၁၀၀၀) အပေါ်တွင်သာ ၁၂% ဖြင့် အမြတ်ဝေစုထုတ်ပေးရန်

အမြတ်ဝေစုထုတ်ပေးခြင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် အချိန်သတ်မှတ် ကြေညာပေး၍ စတင် ထုတ်ပေးမည် ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

၃.၆. လက်ရှိ ဒါရိုက်တာအဖွဲ့ဝင် များနုတ်ထွက်ခြင်း အတည်ပြုပါသည်။ ဆက်လက်၍ ဒါရိုက်တာ အဖွဲ့ဝင်အဖြစ် လျှောက်ထားသူ (၁၃) ဦး ရှိကြောင်းနှင့် ဒါရိုက်တာ အဖွဲ့ဝင်အဖြစ် (၁၃) ဦး၊ Independent ဒါရိုက်တာ (၂) စုစုပေါင်း (၁၅) ဦး ၏ အမည် စာရင်းကို အသံဖြင့် ဆန္ဒရယူပြီး ပူးတွဲပါအတိုင်း အတည်ပြုဆုံးဖြတ်ပါသည်။ (ဒါရိုက်တာအဖွဲ့ အမည်စာရင်း ပူးတွဲလျက်)

၃.၇. ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ဆက်လက်ဆောင်ရွက်မည့်ကိစ္စများ အပေါ်ဒါရိုက်တာများ၏ တင်ပြချက်များအားမှတ်တမ်းတင်ရန်ဆုံးဖြတ်သည်။

၃.၈. ဒါရိုက်တာအဖွဲ့အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အစုရှယ်ယာထုတ်ဝေရောင်းချမည့် Capital တိုးမြှင့် ဆောင်ရွက်မည့် အစီအစဉ်အား အတည်ပြုကြောင်းဆုံးဖြတ်သည်။

| | |
|---|---|
| မှတ်တမ်းတင်သူ | အတည်ပြုသူ |
| (နေမျိုးဝင်း) | (ရဲမင်းအောင်) |
| Chief Administration Officer | အမှုဆောင်ဒါရိုက်တာ |

ဖြန့်ဝေခြင်း -

- ဒါရိုက်တာအဖွဲ့ဝင်များ
- ဌာန/လုပ်ငန်းအကြီးအကဲများ